ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကုသိုလ်ရှင်များ

၁။ ဒေါက်တာမို့မို့
၂။ ဒေါ်မြတ်နှင်းဖြူ
၃။ ဒေါက်တာဦးအောင်အောင်+ဒေါ်ကြည်စု
၄။ ဦးမောင်မောင်ကြီး+ဒေါက်တာမိမိထွေး
၅။ ဒေါက်တာဦးမောင်ဦး+ဒေါ်မို့
၆။ ဦးသီဟ
၇။ ဒေါ်သင်းအိဝေ
၈။ ဒေါက်တာခင်ဝင်းအေး
၉။ ဦးရင့်မာ+ဒေါ်မြတ်စန္ဒာ
၁၀။ ဦးရင့်မာ+ဒေါ်မြတ်စန္ဒာ

## လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊
**သင်တန်းနေရာ**- (၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊
မဟာဗောဓိဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။

(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ × ၂၇လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၀၉-၂၅၀၀၉၄၃၉၄၊ ၀၉-၉၁၀၀၄၁၃၈

ဗုဒ္ဓစာပေပို့ချခြင်း(၉)နှစ်မြောက် အထိမ်းအမှတ်

နှင့်

# ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း

(၆)နှစ်မြောက် အထိမ်းအမှတ်အဖြစ်

ထုတ်ဝေပါသည်

# ကျေးဇူးတင်ရှိခြင်း

ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လှပသောနှလုံးသား၊ မွေးသောပန်း<br>ဓမ္မလုပ်သား ဖိုးသာထူး<br>ဓမ္မဒီပ-သင်တန်းသား | ၁ |
| ၂။ | ကျေးဇူးအနန္တ အာစရိယ<br>ဦးခင်ဇော်(ဓမ္မဒီပ-သင်တန်းသား) | ၃ |
| ၃။ | မြင်အောင်ကြည့်လေ အိုမိတ်ဆွေ<br>ဒေါ်ဥမ္မာအောင် (ဓမ္မဒီပ) | ၄ |
| ၄။ | နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်း<br>ဒေါက်တာဒေါ်ချိုချိုမာ (ဓမ္မဒီပ) | ၉ |
| ၅။ | မိုးစက်လေးတွေ တဖြိုက်ဖြိုက်<br>စိတ်ကူးလေးတွေ တလှိုက်လှိုက်<br>ဓမ္မစကူးလ်ဆရာမတစ်ဦး(ကသဲဘုရားဝင်း) | ၁၂ |
| ၆။ | ဆွေမျိုးပြိတ္တာ ဒါယကာနှစ်ဖြာချမ်းသာရ<br>ဓမ္မလုပ်သား ဖိုးသာထူး<br>ဓမ္မဒီပ-သင်တန်းသား | ၁၉ |

# “မြင်အောင်ကြည့်လေ အိုမိတ်ဆွေ”

◆ ဒို့ခန္ဓာမှာ မသိသာ
ကပ်၍ပါတာ “အိုခြင်း”ပါ

◆ ဒို့ခန္ဓာမှာ ထုကာနှက်ကာ
နှိပ်စက်နေတာ “နာခြင်း”ပါ

◆ ဒို့ခန္ဓာကို အကြမ်းဖက်ကာ
ဖျက်ဆီးပစ်တာ “သေခြင်း”ပါ

(ဤအို, နာ, သေဘေး မမေ့ရေးကို နှလုံးသွင်းလျှက် သတိကပ် . . . .။)

◆ ဒို့ခန္ဓာမှာ ဆွေမျိုးယောင်ဆောင်
ကပ်၍ လောင်တာ “လောဘ”ပါ

◆ ဒို့ခန္ဓာကို ချမ်းသာကိုလု စိတ်ကိုထုကာ
ပျက်စီးစေတာ “ဒေါသ”ပါ

◆ ဒို့ခန္ဓာကို မသိသမျှ အမှားလုပ်ကာ
ဆင်းရဲရတာ “မောဟ”ပါ

(ဤလော, ဒေါ, မော မပေါ်ရေးကို ဉာဏ်နှင့်ကျင့်လျှက် အပြီးသတ် . . . ။)

အသက်ကလေး ရလာတာနဲ့အမျှ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေက ပိုပြီး ခြိမ်းခြောက်လာသလိုဘဲ။ ငယ်စဉ်ကတော့ ဒါတွေဟာကိုယ်နဲ့ ဘာမှမဆိုင်ဘူးလို့ ထင်ခဲ့တာ

တကယ်တော့ ကျမတို့ခန္ဓာကိုယ်ပေါ်မှာ မသိမသာ ပူးကပ်ပြီး ခြေသံမကြား ရအောင် တိတ်တိတ်လေး လိုက်ပါနေတာ အိုခြင်းတရားပါဘဲ။

ကျမတို့ရဲ့နုပျိုမှုတွေ၊ ဖျတ်လတ်တက်ကြွခြင်းတွေ၊ ခွန်အားတွေ၊ ချမ်းသာ



# လှသောနှလုံးသား၊ မွေးသောပန်း

အာစရိယ - ဆရာဟူသည်
အမြင့်မြတ်ဆုံး - ‘ဥယျာဉ်မှူး’
အကြီးကျယ်ဆုံး - ‘ဗိသုကာ’
အကြင်နာဆုံး - ‘အလုပ်သမား’။

အမြင့်မြတ်ဆုံး၊ ဥယျာဉ်မှူး-တို့
ဗုဒ္ဓနွယ်ဝင်၊ ရင်သွေးငယ်သို့
မျိုးဆက်သစ်တို့၊ နှလုံးသားဝယ်
ဘာသာမျိုးစေ့၊ ရှင်သန်ရေးတွက်
ပျိုးထောင်ပြုစု၊ ယုယမှုဖြင့်
သင်ကြားစံနစ်၊ CCA နည်းသစ်။

အကြီးကျယ်ဆုံး၊ ဗိသုကာ-တို့
အသင်ထုဆစ်၊ ရင်ခွင်သစ်နှင့်
မျိုးဆက်သစ်တို့၊ နှလုံးသားဝယ်
ဘုရားစေတီ၊ တည်လိုက်ကြစို့
အမုန်းတရားသွေဖီ၊ အပြုံးများဝေစည်
နှလုံးသားလှစေတီ၊ မြတ်စေတီ။

အကြင်နာဆုံး၊ အလုပ်သမား-တို့
အကုသိုလ်မုန်း၊ သွေဖီသုန်း၍
ကုသိုလ်ပြိုးတို့၊ ဖူးပွင့်ဝေစည်
ဗိသုကာလက်၊ ပန်းပျိုးလက်ရှင်

ဓမ္မလုပ်သား ၊ ဒို့တွေများရဲ့
ဘုရားပေးတဲ့ ၊ ဓမ္မတာဝန်။

ရွှေငယ်သွေးသစ် ၊ နှလုံးသားတွင်
ဘာသာသွေးကောင်း ၊ စိမ့်ဝင်လောင်းမည့်
ဥယျာဉ်မှူးတို့ ၊ ရင်းတွင်းမှာလေ
'စေတနာ'ပန်း ၊ 'သဒ္ဒါ'ပန်းနှင့်
'မေတ္တာ'ပန်းတွေ ၊ အမြဲဆင်မြန်း
ပီတိဖြန်းလို့ ၊ အားသစ်လန်းနေ။

ဓမ္မဝန်ထမ်း ၊ ပန်းပျိုးလက်ရှင်
သင်ပျိုးသည့်ပန်း ၊ ဓမ္မပန်းတို့
ပွင့်သောပန်းတိုင်း ၊ မွှေးပါစေ
ဓမ္မလုပ်သား ၊ ဗိသုကာရှင်
သင်တန်းဘုရား ၊ ကုသိုလ်ပွားလို့
နှလုံးသားတိုင်း ၊ လှပါစေ။

ဗုဒ္ဓဟောထား ၊ ဓမ္မပန်း
ကမ္ဘာတည်သမျှ ၊ မွှေးပါစေ
ဘာသာဗုဒ္ဓ ၊ နှလုံးလှ
ကမ္ဘာတည်သရွေ့ ၊ လှပါစေ။
လှသောနှလုံးသား ၊ မွှေးသောပန်း
ရင်မှာဆင်မြန်း ၊ တင့်ဆန်းလန်းကြိုင်စေ။ ॥

**ဓမ္မဒီပ – သင်တန်းသား**

**ဓမ္မလုပ်သား**

**ဖိုးသာထူး**



# ကျေးဇူးအနန္တ အာစရိယ

✪ ခြံရံသည့်အဝိဇ္ဇာ
တဏှာအရင်းခံ စနက်။
ကံသင်္ခါရ စီရင်ပုံကြောင့်
ဘုံသံသရာလည်ပြန်ရ
စုန်ဆန်ကြဘဝအဆက်ဆက်။ ॥

✪ ဒုက္ခနှင့်သမုဒယ
ယုယတွယ်တာမျိုးတွေမို့
စရိုက်ဆိုးကမပျောက်
ရှက်ကြောက်တရားလည်းမရှိ။
ဉာဏ်မပါသံသရာလည်ကြလျှင်ဖြင့်
မြန်မကြာ ခန္ဓာအလီလီပြောင်းတတ်ပေလိမ့်
မြတ်ဆရာ မလပ်အခါခါ သင်ကြားဓမ္မ
ထင်ရှားစွ လောကုတ္တရာ
ဉာဏ်ပညာအသိ။ ॥

✪ သာသနာကြုံခိုက်
ဆုံထိုက်သည့် အာစရိယ
စုံကန်းခဲ့ဗာလကို
ဒါနရှင် ဓမ္မအမြင် ပေးပုံထူး
ကျေးဇူးအနန္တ။ ॥$\frac{2}{7}\frac{2}{7}\frac{2}{7}\frac{2}{7}\frac{2}{7}\frac{2}{10}$

**ဦးခင်ဇော်**
**ဓမ္မဒီပ–သင်တန်းသား**

◆◆◆◆◆

ဒီဒေါသက ဘာကြောင့်ဖြစ်ရတာလဲ။

ပြီးရင် ဒီကိလေသာကို ဘယ်လိုသတ်ရမလဲ။

နောက် ဘယ်လိုအပြီးသတ်ဖယ်ရှား ပစ်မလဲဆိုတာ ဒီအချက်လေးချက်နဲ့ လေ့ကျင့်ဖယ်ရှား ပစ်ရမယ်လို့ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးက ဟောကြားတော်မူထားပါတယ်။

ဘယ်လိုပယ်သတ်ရမလဲ ဆိုရာမှာလည်း တစ်ယောက်နှင့်တစ်ယောက် တူမှာမဟုတ်ပါဘူး။ အတိတ်ကပြုခဲ့ဖူးတဲ့ ပါရမီတွေ၊ သံသရာတစ်လျှောက်လုံး အနုသယအဖြစ် ကိန်းအောင်းလာပြီး အကြောင်းတိုက်ဆိုင်တိုင်း ထကြွတတ်တဲ့ ကိလေသာ သတ္တိတွေ။ ယခုလက်ရှိဘဝမှာ အမြဲတမ်း ညွှတ်နေကျစိတ်တွေ ဒါတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြတာမို့ နည်းလမ်းတွေလည်း တူမှာမဟုတ်ပါဘူး။

သို့သော်လည်း ကိလေသာတွေကို အပြီးသတ်ပယ်သတ်ရမှာချင်းတော့ တူနေမှာပါ။ ဒီကိလေသာတွေကို မြင်အောင်ကြည့်နိုင်မှလည်း ကျမတို့က ပယ်သတ်နိုင်မှာပါ။

ဒါကြောင့် မပယ်သတ်နိုင်ရင် ကျမတို့ဘဝတွေကို နိမ့်ပါးသွားအောင် ဆွဲချပစ်မယ့် ဒီစိတ်ရဲ့ အကြမ်းဖက်သမားတွေ ဖြစ်တဲ့

အကုသိုလ်စေတသိက် တရားတွေကို သတိထားပြီး

မြင်အောင်ကြည့်ကြပါလေ

အိုမိတ်ဆွေတို့ရေ . . . . ။

**ဒေါ်ဥမ္မာအောင် (ဓမ္မဒီပ)**



ပျော်ရွှင်မှုတွေကို တစ်တစ်စပါသွားအောင် အိုတဲ့တရားက ဆွဲနှုတ်သွားလို့ ခါးပိုက်နှိုက်နဲ့ တူတယ်လို့ ထင်မိပါတယ်။

ဒါဆိုရင် နာခြင်းတရားကရော . . . .

သူကလည်း ခြေသံပြင်းပြင်းနဲ့ သိသိသာသာ ခြိမ်းခြောက်နှိပ်စက်ရင်း နောက်ကလိုက်ပါနေတာပါဘဲ။

အကြောင်းဖောက်ပြန်လို့ နာခြင်းတရားက နှိပ်စက်ပြီဆိုရင် ကိုယ့်ရဲ့လန်းဆန် တက်ကြွမှုတွေ၊ စိုပြေတောက်ပမှုတွေ၊ ရှိသမျှခွန်အားတွေကို အတင်းလုယက် နှိပ်စက်သွားလို့ မပေးချင်လဲဘဲ လုယက်ယူငင်သွားခဲ့လို ဓါးပြလိုပါဘဲ။

နာပြီဟေ့ ဆိုရင်ကုသိုလ်ပြုခွင့်တွေကိုလည်း တားဆီးပိတ်ပင်ခံလိုက်ရတာပါ

ဘဝရဲ့နောက်ဆုံးချိန် ရောက်မှသေခြင်းတရားနဲ့ တွေ့ရမှာဖြစ်ပေမယ့် အိုခြင်း နာခြင်းနှင့်အတူ သေခြင်းရဲ့ဆွဲအား ပါနေတာကြောင့် သေခြင်းကလည်း နောက်က တကောက်ကောက် လိုက်နေတာပါ။

အိုမင်းရင့်ရော် လာတာနှင့်အမျှ အသက်ကုန်ဆုံး ပျက်စီးသွားအောင် ဖျက်ဆီးပစ်တတ်လို့ သေခြင်းဟာလည်း အကြမ်းဖက်သမားလိုပါဘဲ။

အိုနာဆင်းရဲတွေက ကျမတို့ခန္ဓာကိုယ်ကို ဇရာကြိုးနဲ့တုပ်လို့ ဗျာဓိတုတ်နဲ့ နှိပ်စက်ရိုက်နှက်ပြီး မရဏဆီ ဆွဲခေါ်သွားခြင်းကို ခံကြရအုံးမှာပါ။

ဒါကြောင့် သေမိန့်ကျပြီးသားဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို မသေခင်မှာ-

မသိမသာ ကပ်ပြီးပါလာတဲ့ - အိုခြင်းရယ်

နှိပ်စက်ညှဉ်းပမ်းတတ်တဲ့ - နာခြင်းရယ်

အကြမ်းဖက်ပြီးဖျက်ဆီးပစ်ဦးမယ့်- သေခြင်းရယ် ဒီသဘာတရား တွေဟာ ခန္ဓာရသူတိုင်း ဘယ်သူမှမလွန်မြောက်နိုင်ဘူး ဆိုတာအမြဲနှလုံးသွင်း ဆင်ခြင်ရင်း မမေ့လျော့အောင် သတိပေးနေရမှာပါ။ ဒါခန္ဓာရခြင်းရဲ့ အပြစ်တွေ ဘဲလေ ။

ဒါက ကျမတို့ရဲ့ ရုပ်ပေါ်မှာ ပေါ်လွင်ထင်ရှားဖြစ်လို့ ရုပ်ရဲ့အကြမ်းဖက်သမား

တွေဘဲ ဆိုပါတော့. . .။

စိတ်မှာဖြစ်တဲ့ အကြမ်းဖက်သမားတွေလည်း ရှိသေးတယ်။ အဲဒါကတော့ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်ပါ။

လောဘဟာ ဆွေမျိုးယောင်ဆောင်၊ မိတ်ဆွေယောင်ယောင်နဲ့ ကျမတို့ရဲ့ သန္တာန်မှာရှိတဲ့ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ အဖိုးတန်ရတနာတွေကို ကပ်ပြီး နှိုက်နေတတ်လို့ ခါးပိုက်နှိုက်နဲ့ တူပါတယ်။

သတိလွတ်ရင် လွတ်နေသလောက် အကုသိုလ်နဲ့ နေနေကြတာပါ။ လောဘက အဖြစ်များသလောက် သတ်ရတာလည်း အလွန်ခက်ပါတယ်။ လောဘ ဖြစ်နေလို့ ဖြစ်နေမှန်းတောင် မသိပါဘူး။ မသိမသာနဲ့ ကပ်ပြီးလောင်နေတတ်တာ လောဘရဲ့ သဘောပါဘဲ။

ဥပမာ - ဆိုကြပါစို့။ ကျမတို့ တီဗွီကြည့်နေတဲ့အချိန် ဘာစိတ်နဲ့ကြည့်နေတာလဲ။ ကြည့်ချင်တယ် ဆိုတဲ့လောဘနဲ့ ကြည့်နေတာ။ ကပ်ငြိနေတာ။ အဲဒီအချိန်မှာ ကျမတိုဆီမှာ သဒ္ဓါတွေ သတိတွေ စတဲ့ကုသိုလ်တရားတွေ ရှိနေလို့လား။ ဒါကျမတို့ရဲ့ ကုသိုလ်တရားတွေကို မသိမသာ အခိုးခံအနှိုက်ခံလိုက်ရတာဘဲ။ ဒါကို ကျမတို့ သတိ မထားမိကြဘူး။

ဒီလိုဘဲ-စိတ်ထဲမှာ ဒေါသဖြစ်လာရင် ချမ်းသာပျော်ရွှင်မှုကိုလည်း အတင်း လုယက် စိတ်ကိုလည်း ထောင်းထုနှိပ်စက် ကုသိုလ်စိတ်တွေလည်း ပျက်စီးစေတတ်လို့ ဒေါသကို "ဓါးပြ"လို့တောင် မှတ်ချက်ချမိတယ်။

မောဟကျတော့ ဒေါသလို ဖျက်ဆီးတတ်တဲ့ သဘောရုတ်တရက် မထင်ရှား ပေမယ့် "အရင်းစစ်တော့-အမြစ်ကသက်သေ"ဆိုသလို ဆင်းရဲမှန်သမျှ အမှန်မသိလို့ အမှားလုပ်နေတာ မောဟက မြစ်ဖျားခံပါ။

လုပ်သင့်တာကိုမလုပ်မိ။ မလုပ်သင့်တာကို လုပ်မိလို့ မဖြစ်သင့်တာ



တွေဖြစ်ရ၊ မလိုချင်တာတွေရရနဲ့၊ သောကမဆုံးနိုင်တဲ့ ဒုက္ခအစိုင်အခဲကြီးဖြစ်နေရတာ မောဟရဲ့အကြောင်းခံကြောင့်ပါဘဲ။ ဒါကြောင့် အမှန်မသိတဲ့ မောဟဟာ ဒုက္ခရဲ့မူလ အရင်းအမြစ်ဘဲလို့ ကျေးဇူးတော်ရှင် မြတ်စွာဘုရားရှင်က ဟောတော်မူခဲ့တာပေါ့။

ဆိုရရင် - ရုပ်ရဲ့အကြမ်းဖက်သမား ဖြစ်တဲ့အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ စိတ်အကြမ်းဖက်သမားတွေ ဖြစ်တဲ့လောဘ၊ ဒေါသ၊ မောဟဟာ ခန္ဓာ (၅)ပါးကို ဝိုင်းအုံနှိပ်စက် တတ်တာကြောင့် ခန္ဓာ(၅)ပါးရဲ့ အကြမ်းဖက်သမားတွေဆိုလဲ မမှား ပါဘူး။

ရုပ်အကြမ်းဖက်သမားတွေ ကတော့ခန္ဓာရဲ့ ဒုက္ခဆိုတော့ ရှောင်ကွင်းလို့ မလွတ်နိုင်ပေမယ့် စိတ်အကြမ်းဖက်သမားတွေ ကတော့ကိလေသာတွေ ဖြစ်နေတာကြောင့် ရှောင်ကွင်းနိုင်ရင် ရှောင်ကွင်းနိုင်သလောက် လွတ်နိုင်ပါ သေးတယ်။

ခန္ဓာရလို့ ဒုက္ခရတယ်။ ဒါကြောင့် အို၊ နာ၊ သေရတယ်။

ပုထုဇဉ်ဖြစ်လို့ ကိလေသာရှိတယ်။ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ ဖြစ်တယ်။

အို၊ နာ၊ သေ ဒုက္ခဟာခန္ဓာ ရှိနေတာကြောင့် သူနှိပ်စက်ချင်သလောက် နှိပ်စက်ခွင့်ရှိနေပေမယ့် ကိလေသာကိုတော့ သူဖြစ်ချင်သလောက် ဖြစ်ခွင့်မရအောင် သတိဆိုတဲ့ ချွန်းနဲ့ တားဆီးနိုင်ပါတယ်။

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတရားဆိုးတွေကို အပြီးသတ်ဖို့ တစ်ခုတည်းသောလမ်းက မဂ္ဂင်လမ်းပါဘဲ။ ဒီလမ်းကိုသွားဖို့ ကျမတို့ အရင်လေ့ကျင့် ရမှာက-

မိမိသန္တာန်မှာ ဒီကိလေသာ တရားဆိုးတွေ ရှိနေသလား၊ ရှိမနေဘူးလား ဆိုတာ အမြဲ(သတိကပ်နိုင်သမျှကပ်ပြီး) စစ်ပေးရပါမယ်။

ရှိနေရင် ဘာကြောင့်ဒီကိလေသာ ဖြစ်ရတာလဲ။ ဥပမာ ဒေါသဖြစ်ရင်

ဒီတစ်လမ်းထဲလျှောက်ပြီး

နိုင်သ၍ ဝန်ထမ်းကြပါစို့။ ။

**ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့တပည့်**

**ဒေါက်တာဒေါ်ချိုချိုမြ**

❀ ❀ ❀ ❀ ❀

## မိုးစက်လေးတွေ တဖြိုက်ဖြိုက်
## စိတ်ကူးလေးတွေ တလှိုက်လှိုက်

(၁၄-၉-၂၀၁၄) စက်တင်ဘာမိုးလရဲ့ တနင်္ဂနွေနေ့လေးတစ်နေ့ တစ်နေကုန် မိုးတွေ သဲသဲမဲမဲ ရွာနေတဲ့ နေ့လေးပါ။ မိုးထဲလေထဲ ဓမ္မစကူးလ်(ကသဲ) ကနေ ပြန်လာပြီး ဓမ္မဒီပစာစဉ်တွေ (၈၊ ၉၊ ၁၀)ကို ဖတ်ရှုပူဇော်မိရင်းနဲ့ "မိုးစက်လေးတွေ တဖြိုက်ဖြိုက်၊ စိတ်ကူးလေးတွေ တလှိုက်လှိုက်"ဆိုတဲ့ မိုးတစ်နေ့က ဓမ္မစကူးလ် ပုံရိပ်လေးတွေနဲ့ "ဓမ္မဒီပ"သင်တန်းအကြောင်းတွေကို ဆက်စပ်တွေးကြည့်ရင်း ဒီစာစုလေးကို ရေးဖြစ်မိတာဖြစ်ပါတယ်။

အဲဒီနေ့က မိုးကလဲကောင်း မနက်(၂)နာရီကတည်းကရွာတာ၊ မိုးရယ်တိတ်ပါတော့၊ မနက် ဓမ္မစကူးလ် ကလေးတွေမလာမှာစိုးလို့ မိုးမြန်မြန်တိတ်ပါစေလို့ တိတ်တခိုးလေး ဆုတောင်းနေမိပါတယ်။ ဘယ်ရမလဲ နွားသိုးနဲ့ မိုးအစိုးမရတဲ့ မိုး တွင်းဘဲလေ ကိုယ်ဖြစ်စေချင်တိုင်း ဖြစ်လို့မှမရတာ။ (၅)နာရီထိုး အိပ်ရာထ မျက်နှာသစ် ဘုရားဝတ်ပြုပြီး ကျောင်းသွားဖို့ပြင်ဆင်နေရင်း အိမ်ရှေ့ လှမ်းကြည့် မိတော့ အိမ်ရှေ့က တံတားတောင် ရေမြုပ်နေပြီ၊ လမ်းပေါ်လဲ ရေတွေဖွေးလို့



# နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်း

တို့တွေ အပတ်စဉ်တိုင်း ဘာလုပ်နေကြသလဲ ? စာတွေသင်နေကြတယ်၊ ဘာစာတွေလဲ ? ကျေးဇူးတော်ရှင် မြတ်စွာဘုရားရှင်ကိုယ်တော် ဟောကြားခဲ့တဲ့၊ ထားခဲ့တဲ့ အဆုံးအမလို့ဆိုတဲ့ တရားတွေကို သင်နေကြတာ၊ ဘာလို့ သင်နေကြတာလဲ ? အသိဉာဏ်ရဘို့ပဲ။

အခုသင်, အခုနားလည်, အခုအသိဉာဏ်ရတာ ။ ဒီအသိဉာဏ်ရတာ ဘာလုပ်ဖို့လဲ? ဘာအတွက်လဲ ? ဒီအသိဉာဏ် ချက်စားဘို့မဟုတ်ဘူး၊ သုတ်စားဘို့ မဟုတ်ဘူး၊ စဉ်းစားဘို့၊ ဆင်ခြင်သုံးသပ်ဘို့၊ မြတ်စွာဘုရားရှင်က သားတော် ရာဟုလာကိုမေးတယ်။

ရာဟုလာ မှန်က ဘာလုပ်ဘို့လဲ ?

ဓမ္မမိတ်ဆွေတွေကို မေးရင် ဘယ်လိုဖြေမလဲ? ကိုယ့်စိတ်ထဲမှာ ဖြေကြည့် ပြီးတော့ အရှင်ရာဟုလာဖြေတဲ့အဖြေနဲ့ တိုက်ကြည့်ပေါ့၊ ဘယ်လောက်နီးစပ် လည်းလို့။

ရှင်ရာဟုလာက မှန်ဆိုတာ မှန်ကိုကြည့်ပြီး ဆင်ခြင်စဉ်းစားဘို့ပါတဲ့။

ပညာနှင့်ဆင်ခြင်ကြည့်လိုက် ဒါကို ပစ္စဝေက္ခဏာလို့ခေါ်တာပဲ၊ ငါလုပ်တာ မှန်သလား၊ မှားသလား၊ လုပ်သင့်တာကို လုပ်နေတာလား? မလုပ်သင့်တာကို လုပ်နေသလား? အမှတ်တမဲ့ မနေပဲစဉ်းစားကြည့်ဘို့ပဲ။ ဒါအသိဉာဏ်ရှိမှ ဆင်ခြင်နိုင်တာ မရှိရင် မဆင်ခြင်နိုင်၊ ဆင်ခြင်နိုင်တော့ ဘာဖြစ်လဲ?

မလုပ်သင့်တာ မလုပ်ဘူးပေါ့။ လုပ်သင့်တာ လုပ်တာပေါ့၊ အဲဒီတော့

အခုလည်းကောင်းကျိုးချမ်းသာရတယ်။ နောင်သံသရာမှာလည်း ကောင်းကျိုးချမ်းသာရတာပေါ့။

ဒါကြောင့် အသိဉာဏ်ရဘို့ ဒီကျောင်းကိုလာကြတာ၊ ဒီရည်ရွယ်ချက်ထားရမှာပေါ့။

မသင်ရင်မသိနိုင်ဘူး။ ကိုယ့်ဘာသာ မသင်ပဲသိနိုင်တာဆိုလို့ ပစ္စေကဗုဒ္ဓနဲ့ မြတ်စွာဘုရားရှင်တို့သာရှိတာ။ လက်ယာတော်ရံ အဂ္ဂသာဝကကြီးတောင် သင်ယူရတယ်။ ရှင်အဿဇိနဲ့ မတွေ့ဘူးဆိုရင်၊ တွေ့ယုံသာတွေ့ပြီး တရားတော်ကို မနာဖြစ်ဘူးဆိုရင် အမှန်တရားကို တွေ့နိုင်မှာ မဟုတ်ဘူး၊ သိနိုင်မှာမဟုတ်ဘူး။

ဒါကြောင့် သင်ရမယ်၊ သင်တဲ့အခါမှာလည်း မြတ်ဗုဒ္ဓရဲ့ တရားအစစ်အမှန်တွေကို သင်နိုင်ရမယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူတာ မဟုတ်ပေမဲ့ ဟောထားတော်မူတဲ့ တရားတော်တွေပြည့်ပြည့်စုံစုံ ရှိနေတာ။ ဒါကံကောင်းတာပဲ။

ဒီလိုတရားစာပေတွေ အခုအချိန်ထိ တည်တံ့နေအောင် ဘယ်လိုထိန်းသိမ်းခဲ့ကြသလဲ? သားတော် သံဃာတော်တွေက တစ်ဆင့်ပြီးတစ်ဆင့် သင်ယူခဲ့ရ၊ သင်ပြီး အများနားလည်အောင် အကျယ်ရှင်းလင်းဟောပြ၍ ပို့ချပေးခဲ့ကြတယ်။ ဒါတွေ မေ့မသွားအောင် ရွတ်ဖတ်ပူဇော်နေကြရတယ်။ ပြီးစိတ်ထဲ နှလုံးသွင်းဆင်ခြင်ကြရတယ်။

ဒီလို တည်တံ့အောင် ဆောင်ရွက်ခဲ့လို့ ကျွန်မတို့အလွန်အဘိုးထိုက်တန်တန်ဘိုးဖြတ်လို့မရတဲ့ တရားရတနာတွေနဲ့ ကြုံတွေ့ခဲ့ရတာပေါ့။ ကျွန်မတို့လည်း ဒီလို မလုပ်ဘူးဆိုရင် ဒီတရားတော်တွေ ရပ်တန့် ပျောက်သွားမှာပဲ။

ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးဆုံးမသလို စာအုပ်တွေရှိနေတာ



သာသနာရှိနေတာမဟုတ်ဘူး။ အခုပုဂံခေတ်က ကျောက်စာတွေ ဖတ်တတ်တဲ့လူအင်မတန်နည်းသွားပြီ။ ကျောက်စာတွေတော့ ထိန်းသိမ်းထားလို့ရှိနေတယ်။ အမှန်ကို သိနိုင်တဲ့သူ မရှိတော့ ဘာအသုံးကြသလဲ။

ဒီလိုပဲ စာအုပ်ရှိနေပြီး အဲဒီထဲက စာတွေနဲ့ အဓိပ္ပာယ်မသိတော့ ဒီစာအုပ်ဘာအသုံးကြတော့မှာလဲ? ဒါကြောင့် သင်ပေးတဲ့သူ၊ သင်ယူမဲ့သူရှိဘို့ အရေးကြီးတယ်။ သင်ယူမှုမရှိတော့ဘူးဆိုရင် သာသနာကွယ်ပျောက်သွားမှာဘဲ။ သင်ယူမှုရှိမှ တရားတွေရှင်သန်နေမှာ။

ကျွန်မတို့ သင်ကြားမှုတွေလုပ်နေတာ၊ ဘာအတွက်လဲ? ကျေးဇူးတော်ရှင်မြတ်စွာဘုရားရှင် ထားခဲ့တဲ့ သာသနာတော်ကြီး ဆက်လက်တည်တံ့နိုင်စေဘို့၊ သဲတစ်ပွင့်၊ ရေတစ်ပေါက်ပါဝင် ထမ်းရွက်နေတာပါ။ သာသနာတည်တံ့ရင် ဘာဖြစ်မှာလဲ? ဒီတရားတွေကမှ အသိဉာဏ်ကို ရစေမှာ၊ ဒါမှ အခြေအနေကောင်းတွေရရှိပြီး ပစ္စုပ္ပန်ဘဝ၊ နောင်သံသရာဘဝ ချမ်းသာပြီး နောက်ဆုံး သံသရာဆိုးကို အဆုံးသတ်နိုင်မှာ။

မြတ်ဗုဒ္ဓဘာကြောင့် ပွင့်ထွန်းလာရတာလဲ? သတ္တဝါတွေချမ်းသာဘို့အတွက်မဟုတ်လား? ဒီလိုဆို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွားပြီး ထားခဲ့တဲ့ တရားတော်တွေက ဘာအကျိုးရလဲ? သတ္တဝါတွေချမ်းသာဘို့ဘဲ။ ဒါဆို တရားတော်တွေ မပျောက်ရအောင် နိုင်သလောက် ဝန်ထမ်းနေကြတဲ့ ကျွန်မတို့လို ဓမ္မမိတ်ဆွေတို့ကော ဝန်မထမ်းချင်ဘူးလား? ဘာကြောင့်လဲလို့ သိပြီလေ၊ မထမ်းသင့် ဘူးလား?

သူများကို အသိဉာဏ်ပေးရင်၊ ကိုယ်လည်း အဆများစွာ အသိဉာဏ်တွေတိုးလာမှာပါ။ ဒီအသိဉာဏ်နဲ့မှ လုံးဝလွတ်မြောက်မှုကို ရနိုင်မှာဖြစ်တယ်လို့ ခိုင်မာစွာ ယုံကြည်မယ်ဆိုရင် . . . . .

ကလည်းကောင်း၊ ကလေးတွေအပေါ်ရော၊ အတန်းကြီးတပည့်တွေအပေါ်ရော လိုလေသေးမရှိ မလစ်ဟာစေရပါလား၊ စည်းကမ်းရှိရှိ၊ စနစ်ကျကျ၊ သင်ကြားရေးပိုင်းကလဲ ပြောစရာမရှိ သင်ခန်းစာ တစ်ခန်းပြီးတိုင်း Tutorial စစ်ပေးတယ်။ စာကျက်ဖြစ်အောင်လို့တဲ့။ ဒါကြောင့် လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းသူ တစ်ဦးဖြစ်ရတာ အကျိုးလဲရှိ ဓမ္မစကူးလ် ဆရာမ ဖြစ်ရလို့လဲ ဂုဏ်ယူမိပါတယ်။

ဟိုးအရင်နှစ်တွေက (၃၈)ဖြာမင်္ဂလာတရားသင်တန်းမှာ ကလေးတွေကို လိုက်သင်ပေးရတုန်းက အတွေ့အကြုံမရှိတော့ ကိုယ့်ဘက်က လိုအပ်ချက်လေးတွေ ရှိခဲ့ပါတယ်။ ကလေးတွေကို အခုလို ကောင်းကောင်းမထိန်းနိုင်ဘူး။ စိတ်ဝင်စားမှု ရှိအောင် မလုပ်ဆောင်နိုင်ခဲ့သေးဘူး။ မနှစ်က မဟာမြိုင်မှာ ဓမ္မစကူးလ် ဖောင်ဒေးရှင်းက ဆရာမဒေါ်သင်းအိဝေတို့ လာပို့ချတဲ့ CCA ဆင့်ပွားဆရာဖြစ် သင်တန်း တက်ပြီးတော့မှ ကလေးတွေကို စာသင်ရတာ အဆင်ပြေမှုရှိလာခဲ့ပါတယ်။ ဓမ္မစကူးလ်ဆရာမ ဖြစ်မှဘဲ ဆရာမကြီးပြောတာတွေကို ပြန်စဉ်းစားကြည့်မိပါတယ်။ ကိုယ်တစ်ယောက်တည်းသိဖို့၊ တတ်ဖို့အတွက်တင် မဟုတ်ဘူး၊ အများကိုလဲ ဖြန့်ဝေပေးနိုင်မှ ပရဟိတစိတ်ပါတဲ့၊ ဆရာမတို့ မြတ်စွာဘုရားရဲ့ နှလုံးသားကလဲ ပရဟိစိတ်ဘဲ၊ ကိုယ်တစ်ယောက်ထဲအတွက်ပဲ စဉ်းစားပြီးလုပ်တာမဟုတ်ဘူး၊ နိကာယ်မြန်မာပြန်ထဲမှာလဲ သင်ခဲ့ရသေးတယ်။ မိမိကိုယ်ကို စောင့်ရှောက်ရင် သူတစ်ပါးကိုလည်း စောင့်ရှောက်ရာ ရောက်ပါတယ်တဲ့။ သူတစ်ပါးကို စောင့်ရှောက်သော် မိမိကိုယ်ကို စောင့်ရှောက်ရာမည်၏ဆိုပြီး သတိပဋ္ဌာန သံယုတ် နဠန္ဒဝဂ်၊ သေဒကသုတ်မှာ သင်ကြားခဲ့ရပါတယ်။

နိကာယ်သင်တန်းမှာ မြောက်ပြင်အိုးဘိုဘက်က လာတက်တဲ့ ဓမ္မစကူးလ် ဆရာမ တစ်ယောက်နဲ့ တွေ့ဖြစ်လို့ ဓမ္မစကူးလ်အကြောင်း ပြောဖြစ်ကြပါတယ်။ သူတို့ဆီမှာ ဓမ္မစကူးလ်စဖွင့်ကာစမှာ အခက်အခဲရှိခဲ့ကြောင်း အဆင်မပြေမှုလေးတွေ တွေ့ရကြောင်း သူကရင်ဖွင့်ပါတယ်။ ဩော် ကျွန်မတို့ကတော့ ဓမ္မဒီပသင်တန်းမှူး ဆရာကြီးရဲ့ အစစအရာရာ အဆင်ပြေချောမွေ့အောင် စီမံညွှန်ကြား အုပ်ချုပ်နိုင်မှုကြောင့် သူတို့လို အခက်အခဲသိပ်မဖြစ်ရတာပါလား။ ဒို့ဆရာကြီး ကျေးဇူးက အလွန်ကြီးမားလှပါပေတယ်။ ကသဲဘုရား ဓမ္မစကူးလ်အုပ်ချုပ်ရေးမှူးကလည်း ဝေယျာဝစ္စ



ဒါပေမယ့်လဲလေ ကိုယ်ကဆရာမလုပ်မဲ့သူပဲ ကျောင်းသားလေးတွေ ထက်တော့ ဝီရိယပိုစိုက်ရမှာပေါ့။ ကသဲဝင်းဘုရားရောက်တော့ သူငယ်ချင်း ဆရာမတွေလဲ ရောက်နေ၊ ကျောင်းသားတချို့လဲ ရောက်နေကြပြီ မိုးကမစဲနိုင်ဘဲ ရွာကောင်းနေလိုက်တာ ဘုရားဝင်း၊ အုတ်တမံတလင်းပေါ်တောင် မိုးရေက တဖြည်းဖြည်း များလာပြီ ရောက်လာတဲ့ ကလေးတွေက ပျော်နေကြတာ မိုးရေထဲလျှောက်ရလို့လေ၊ ပုသိမ်ကြီးကလာတဲ့ ဆရာမငြိမ်းတောင် မိုးကာအင်္ကျီတဖားဖား၊ ဆိုင်ကယ် တယမ်းယမ်းနဲ့ ဘုရားထဲရောက်လာပြီး လမ်းမှာရေတွေများလို့ ဆိုင်ကယ် ရပ်သွားမှာ ကြောက်ပြီး ရင်တထိပ်ထိပ်နဲ့စီးလာတာလို့ ပြောပါသေးတယ်။ အဝေးကြီးကနေ လာရရှာတဲ့သူ့ကို အပြန်ကျရင် ရေမမရှိတဲ့လမ်းက ပြန်ပါလို့ ပြောရဦးမယ်။ မကြာခင်ဘဲ အုပ်ချုပ်ရေးမှူးရောက်လာပြီး နောက်မှာအာဟာရဒါန အလှူရှင်ကလဲ မိုးထဲလေထဲကို မပျက်မကွက် စေတနာသဒ္ဓါထက်ထက်နဲ့ လာလှူသွားပါတယ်။ မိုးရွာနေလို့ ကျောင်းသားနည်းမယ်မှန်းသိပေမယ့် အလှူရှင်ရဲ့ စိတ်ကအပြတ်ပဲ ဆရာမတို့ ဘာလုပ်လုပ် ထားခဲ့ပါမယ်လို့ ယတိပြတ်ပြောပြီး လှူဒါန်းသွားပါတယ်။

(၇)နာရီထိုးတော့ ဆရာကြီးဆီက ဖုန်းဝင်လာတယ် ဆရာမတွေလာကြလား၊ ကျောင်းသားကလေးတွေရော ဘယ်လောက်လာကြလဲ မိုးရွာနေပေမယ့် စာသင်လို့ ရရင် သင်ရမယ် မိုးများလို့ ကျောင်းပိတ်လိုက်ရင် ကလေးတွေပျင်းသွားလိမ့်မယ် ရှိသလောက်ပဲလာတဲ့ ကျောင်းသားနဲ့သင်ထား၊ Attendance စာရင်း ကောက်ထား စာသင်နှစ်တစ်နှစ်လုံးမပျက်တဲ့ ကျောင်းသားကို ဆုပေးမယ်လို့ ကြေညာထားပြီးသား . . . . စသဖြင့် ဖုန်းနဲ့လှမ်းပြီး ညွှန်ကြားပေးပါတယ်။ ဓမ္မစကူးလ် တနင်္ဂနွေနေ့တိုင်း ဆရာမတွေလဲ အတတ်နိုင်ဆုံး ခွင့်မယူကြပါဘူး။ နေမကောင်းဖြစ်လဲ ကြိုးစားပြီး လာကြတယ်။ လူမှုရေးကိစ္စသွားစရာရှိနေလဲ လာကြတာပဲ၊ ကျောင်းရောက်ပြီး ကိုယ့်တာဝန်ကျချိန်မှာ သင်ကြားပြီးမှ နည်းနည်းစောပြီး ပြန်လိုက်တာ နေမကောင်း ဖြစ်လဲ အချင်းချင်းကူညီပေးပြီး သင်ကြပါတယ် ဓမ္မဒီပရဲ့ သွေးသားရင်းလို ဖြစ်နေတဲ့ ဆရာမတွေရဲ့ စေတနာလေးတွေက ဝါသနာအရင်းခံမို့လားမသိဘူး လေးစားဖို့ ကောင်းလှပါတယ်။ ချစ်ဖို့ကောင်းတယ်၊ တာဝန်ဝတ္တရားထက်ပိုကြတယ်လေ။

စက်တင်ဘာမိုးက မတိတ်နိုင်ဘဲ ပိုတောင်ရွာလာပေမယ့် (၇း၁၅)လောက်ထိ ကျောင်းသား/သူလေးတွေက လာနေကြတုန်းပါ။ အချိန်နည်းနည်းထပ်စောင့်ပြီး ထုံးစံအတိုင်း ဘုရားရှိခိုး တရားထိုင်တာကို စဖြစ်ပါတယ်။ ပြီးမှ ဓမ္မစကူးလ်သစ္စာ အဓိဋ္ဌာန်ကို ကလေးတွေနဲ့အတူ ဆရာမတွေပါ အားလုံးပေါင်းပြီး မိုးနဲ့အပြိုင် အကျယ်ကြီးကို အော်ဆိုခဲ့ကြပါတယ်။ ဒီသံပြိုင်အဓိဋ္ဌာန်ဆိုသံဟာ အားလုံး ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲနဲ့ မိုးစက်လေးတွေ တဖြိုက်ဖြိုက် သံစဉ်လေးနဲ့အတူ ကြားရသူအပေါင်း ကြက်သီးထမိရပါတယ်။ ဒီအချိန်မှာ စိတ်ထဲက သတိတရတွေးနေမိပါသေးတယ်။ ကလေးတွေရဲ့ စိတ်ထဲမှာ ဓမ္မစကူးလ်ကျောင်းဆိုတာ မိုးရွာရွာ၊ နေပူပူဖွင့်တဲ့ကျောင်းဆိုတာ သိနေရမယ်။ ဒီကျောင်းတော်ကြီးက ဘာသာရေး အသိသာမက ပေါင်းသင်းဆက်ဆံပြောဆိုမှု လူမှုရေးတွေကိုလဲ ပညာရေးတစ်ရပ်လို သင်ပေးတယ်။ ဘာသာရေးဆိုတာ နေပူပူ မိုးရွာရွာ လုပ်ကြရမယ်။ ဒါမှ ဓမ္မစကူးလ်ရဲ့ သစ္စာအဓိဋ္ဌာန်အတိုင်း -

- ငါတို့သည် ဓမ္မဖြင့် ဘ၀ကို တည်ဆောက်ပါမည်။
- ငါတို့သည် အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါမည်။
- ငါတို့သည် အများအကျိုးကို သယ်ပိုးဆောင်ရွက်ပါမည် . . . ဆိုတဲ့ ခံယူချက်နဲ့အညီ တနင်္ဂနွေနေ့တိုင်း မပျက်မကွက် လာရမယ်။

နေပူပူ မိုးရွာရွာ ဒို့တွေဓမ္မစကူးလ်ကိုသွားမယ် . . . စသဖြင့် အသိတွေ ရင်ထဲမှာ စွဲသွားစေရမယ်။ ဒါမှလဲ တဖြည်းဖြည်းနဲ့ ဗုဒ္ဓဘာသာရဲ့ ရတနာမြတ်သုံးပါး ဘုရား၊ တရား၊ သံဃာတို့ကို ရင်ထဲ၊ အသဲထဲကနေ သက်ဝင်ယုံကြည်သွားစေမယ်၊ ဒါဟာ အရေးကြီးဆုံးပါဘဲ ၊ ဆရာကြီး ဆရာမကြီးတို့ ပြောခဲ့ဘူးတာရှိတယ် အိုးလုပ်တဲ့လူတွေဟာ အိုးလေးတွေကို အိုးမဖုတ်ခင် အိုးလုပ်စဉ်မှာ တံဆိပ်ခတ်နှိပ်တာလေ အဲ့ဒီတံဆိပ်လေးက အိုးလေးကွဲသွားလဲ အပျက်သွားဘဲ အမြဲတည်ရှိနေတယ်ဆိုတာ ဆရာတော် အရှင်ဇနကာဘိဝံသ(မဟာဂန္ဓာရုံ)ရဲ့ "ဗုဒ္ဓဝါဒီ စွဲ၍တည်မည်" ဓမ္မကဗျာလေးထဲကပါ ကြုံတုန်းမို့ ပြန်လည်ပူဇော်တဲ့အနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။



အိုးမဖုတ်ခင်　　ထွေထွေသွေးသား
အိုးလုပ်စဉ်ဝယ်　　ကလေးများ၌
အိုးတွင်နှိပ်ခတ်　　ဘုရားတံဆိပ်
တံဆိပ်မှတ်ကား　　ဘာသာစိတ်ကို
မပြတ်မစဲ　　ခပ်နှိပ်နိုင်မှ
အိုးပင်ကွဲလည်း　　သက်ဆုံးကျအောင်
အမြဲတစေ　　ဗုဒ္ဓဝါဒီ
တည်ရှိနေသို့　　စွဲ၍ တည်မည်
　　ကိုယ်စီခတ်နှိပ်စေသတည်း . . . . . . ။

ဗုဒ္ဓဘာသာ မျိုးဆက်သစ်ကလေးငယ်လေးတွေအတွက် ဘာသာသွေးကောင်းဖို့ အရေးကြီးကြောင်း ခုမှသိလိုက်ရပါပြီ။

"ကလေးကလေး အထင်မသေးနဲ့ ကလေးကလူကြီးဖြစ်မှာ ၊ ကလေးကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ အားလုံးကောင်းမှာပါတဲ့ . . . "အော် . . . ကဗျာဆိုလို့ သတိရမိပြန်ပြီ ဓမ္မစကူးလ် ဆရာ/ဆရာမတွေကို ဂုဏ်ပြုပြီး ရေးသားတဲ့ ဓမ္မဒီပ ဓမ္မလုပ်သားလေးရဲ့ ကဗျာလေးကိုပါ။ ပန်းပျိုးလက်များ ပိုင်ရှင် ဓမ္မဥယျာဉ်မှူး ဆရာ/ဆရာများသို့ ဓမ္မဒီပ- ဒို့ဆန္ဒ ဆိုတဲ့ ကဗျာလေးပါ။

"ဒို့စေတနာ ဖြူစင်စွာဖြင့် ကြည်လင်သဒ္ဒါ ရင်မှာထားကာ ဝါသနာသန် အနစ်နာခံလျက်" ရေးဖွဲ့ထားတဲ့ ကဗျာစာသားလေးက ကောင်းလိုက်တာ ပင်ပန်းခဲ့သမျှ အမောကို ပြေသွားတာဘဲ။

ဓမ္မစကူးလ် ကသဲဘုရားဝင်းက ကျောင်းဆင်းပြီး အိမ်ပြန်တော့ (၂၉)လမ်းက ကျော်ဆေးခန်းတို့ ချမ်းငြိမ်းအောင်တို့ရှေ့မှာ မိုရေတွေကို အများကြီး ဆိုင်ကယ်တော ဘီးတစ်ဝက်ကျော်မြုပ်လို့ ရပ်ရပ်သွားလိုက်တာ။ မိုးကာအင်္ကျီ ဝတ်ထားလဲ တစ်ကိုယ်လုံးရွှဲနေတာဘဲ နောက်(၇၃)လမ်းကွေ့လိုက်တော့လဲ ရေတွေက တဖွေးဖွေး နဲ့ပါဘဲလား မနက်(၉း၃၀)မှာ ဒေါ်အေးစိန်ဓမ္မာရုံရောက်တော့ ဆရာကြီးက ဝိသုဒ္ဓိ (၃)ဆင့်တန်းတောင်ဝင်နေပြီ။ စိတ်ပါလက်ပါ မိုးနဲ့အပြိုင် စသင်နေတဲ့ ဆရာကြီးကို မြင်မှ အော်ဒို့ဆရာက ခေါင်းဆောင်ကောင်းပီသလိုက်တာ အုပ်ချုပ်မှု စီမံခန့်ခွဲပုံ

သိလိုသောကြောင့် မေးလျှောက်ခြင်းကို ဘုရားရှင်ကိုယ်တော်တိုင် ပြန်လည်ဖြေကြား ဟောတော်မူခဲ့သော တရားတော်ဖြစ်ပါသည်။

**“ဇာဏုသောဏိသုတ် တရားတော်အနှစ်ချုပ်”**

(၁) ဇာဏုသောဏိသုတ္တန်လာ အမျှဝေ၍ ရ/မရသော ဘုံဌာနငါးမျိုးရှိကြောင်း နှင့် ယင်းတို့မှာ ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ပြိတ္တာဘုံတို့ဖြစ်ကြ၍ ထိုဘုံငါးမျိုးတွင် ပြိတ္တာဘုံသို့လာရောက်ဖြစ်ကြသူတို့ထံသာ လှူပြည်မှ လှူလိုက်သော အလှူဒါန၏ အကျိုးအာနိသင်ရောက်ရှိနိုင်ကြောင်း သိရပါသည်။

(၂) ကျန်သောဘုံဌာနလေးခုသို့ အလှူ၏အာနိသင်မရောက်နိုင်ရခြင်းမှာ ငရဲသို့ လားရောက်ဖြစ်ကြသူတို့သည် ငရဲသားသတ္တဝါ၏ အစာအာဟာရဖြင့်သာ မျှတရခြင်း၊ အပါယ်ငရဲဘုံတွင် ဆင်းရဲဒုက္ခမပြတ်နှိပ်စက် ခံနေရခြင်းကြောင့် အစာစားချိန်မရနိုင်။ သို့သော် ငရဲသားသတ္တဝါတို့၏ အဟာအာဟာရနှင့် ပတ်သက်၍ ဇာဏုသောဏိသုတ်အဖွင့်၌ **“နေယယိကာနံ အာဟာရော နာမ အတ္တနိဗ္ဗတ္တန ကမ္မမေဝ၊ တေနေဝ ဟိ တေ တတ္ထ ယာ ပေန္တိ”** ဟူ၍ ဖွင့်ဆိုပြထားသောကြောင့် ငရဲတွင်ဖြစ်စေတတ်သော ကံသည်ပင် သူတို့၏ အာဟာရဟူ၍မှတ်သားရမည်ဖြစ်သည်။ ထိုကမ္မအာဟာရနှင့်ပင် ငရဲသတ္တဝါတို့ ငရဲတွင် မျှတကြရပါသည်။

- တိရစ္ဆာန်မျိုးတွင် လားရောက်ဖြစ်ကြသူတို့သည် တိရစ္ဆာန်မျိုးတို့၏ အစာအာဟာရနှင့်ပင် မျှတကြရပါသည်။
- လူမျိုးနွယ်တွင် လားရောက်ဖြစ်ကြသူတို့သည် လူတို့၏ အစာအာဟာရ နှင့်သာ လူ့ဘုံတွင် မျှတကြရပါသည်။
- နတ်ဘုံသို့လားရောက်ဖြစ်ကြသူတို့သည်လည်း နတ်တို့၏ အစာအာဟာရ



ကိစ္စ အာဟာရဒါနအလှူရှင်ကိစ္စ . . . စတာတွေ သူ့ဟာနဲ့သူ စီစဉ်သွားလေတော့ ကိုယ့်လိုဆရာမတွေက စာသင်ရုံဘဲလေ ဘာသာ သာသနာအတွက် တစ်ထောင့် တစ်နေရာကနေ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ တာဝန်ယူ ထမ်းဆောင်ရတာ ဂုဏ်ယူစရာဖြစ်ပါတယ်။ . . . ဘာလိုလိုနဲ့ . . . မိုးကလဲမတိတ်နိုင်သေး။ “မိုးစက် ကလေးတွေကလည်း တဖြိုက်ဖြိုက်နဲ့ စိတ်ကူးအတွေးတွေကလဲ ရင်ထဲမှာ တလှိုက်လှိုက်နဲ့” ဆက်ပြီးတွေးလို့ ကောင်းနေတုန်းပဲလေ။

ဆရာကြီးပြောဖူးတာရှိသေးတယ် တစ်ပတ်(၇)ရက်မှာ (၅)ရက်က ကိုယ့်အလုပ်ကိုယ်လုပ်၊ စနေနဲ့ တနင်္ဂနွေ(၂)ရက်တော့ ဒေါ်အေးစိန်သင်တန်းကို ထမင်းချိုင့်ထည့်လာ ကိုယ့်အတန်းတက်ပြီး အားရင် ကျန်တဲ့ အဘိဓမ္မာတန်းတို့ ဝေယျာဝစ္စဝိုင်းလုပ်ပေး။ ညနေကျတော့ ဗောဓိဘက်မှာ နိကာယ်သင်တန်း တက်ပေါ့တဲ့။ ဗောဓိမှာ ညနေသင်တန်းတွေဖြစ်တဲ့ ပါဠိအခြေခံတို့ နိကာယ်တို့ လာတက်ရင်း ဗောဓိဘက်က ဓမ္မမိတ်ဆွေတွေနဲ့ တွေ့ဖြစ်၊ ဆုံဖြစ်၊ စကားပြောဖြစ် ကြတာပေါ့။ “ဓမ္မဒီပ”ဆိုတာ ကျောင်းခွဲတွေ ဘယ်နှစ်နေရာရှိရှိ တစ်သွေးထဲ တစ်သားထဲဖြစ်အောင် ဆရာကြီးက စီမံထားတာလေ။ နိကာယ်ဆိုလို့ ဆရာတော် အရှင်ပညာဒီပက ယမကဝင် ၊ ဒေသဟာယကဘိက္ခုသုတ်ကို သင်တုန်းက ပြောခဲ့တာ မှတ်မိသေးတယ်။ ဘာတဲ့ နွားပိုင်ရှင်လုပ်ရင် နွားနို့သောက်ရမယ်၊ နွားကျောင်းသားဆိုရင် နွားနို့မသောက်ရဘူးတဲ့။ ပရိယတ္တိစာသင်တာနဲ့ ပဋိပတ် လက်တွေ့အားထုတ်တာကို ပူးတွဲလုပ်ကြမှ အကျိုးများမှာကို ဥပမာပေးပြီး သင်ပြ ခဲ့တာပါ။

အဲဒါကြောင့် ဓမ္မဒီပသင်တန်းတိုင်းမှာ စာတန်းအဝါရောင်လေးနဲ့ “ စာသင်ရင်း အားထုတ်၊ အားထုတ်ရင်း စာသင်”ဆိုတဲ့ ဆောင်ပုဒ်လေးကို ကပ်ထား တာဖြစ်မှာပေါ့။ သင်တန်းသား တပည့်တွေကို စာသင်ပေးရုံမကဘူး လက်တွေ့တရား အားထုတ်ဖြစ်အောင် ပရိယတ္တိ ပဋိပတ္တိ ပူးတွဲလေ့ကျင့်ခြင်းဆိုပြီး သင်္ကြန်အထူး တရားစခန်းကို စီစဉ်ပေးထားပါသေးတယ်။ တရားအားထုတ်ရင်းနဲ့ ပုညကြိယာ(၁၀) ပါးလုံး လုပ်လို့ရကြောင်း စခန်းဝင်သင်တန်းသား ယောဂီတွေအားလုံး လုပ်ဖြစ် ခဲ့ကြကြောင်း ဆရာမကြီးက ပြန်ပြောပြတော့ အလွန်ဘဲ ပီတိဖြစ်ခဲ့ရပါတယ်။

စနေ၊ တနင်္ဂနွေ နှစ်ရက်က နှစ်ရက်လေး စာသင်ရပေမယ့် နှစ်ရက်မက အသိတွေ တိုးပြီး ဉာဏ်ရည်တွေ တိုးတက်လာပါတယ်။ သင်တန်းမရောက်ခင်က ဘာဘဲလုပ်လုပ် ဉာဏ်သိပ်မပါခဲ့ပါဘူး၊ ခုကျတော့ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အတတ်နိုင်ဆုံး ဉာဏသမ္ပယုတ်စိတ်ဖြစ်အောင် ကြိုးစားပြီး လုပ်တတ်လာပါတယ်။ ကုသိုလ်၊ အကုသိုလ်ရဲ့ အဓိကအကြောင်းရင်းက ယောနိသော မနသိကာရဆိုတာ သိခဲ့ရလို့ ဘာလုပ်လုပ် စိတ်ထားတတ်အောင် အကြောင်းအကျိုးလေးနဲ့ ယောနိသော လေးထားပြီး သင်တန်းဝေယျာဝစ္စကိစ္စတွေကို လုပ်ဖြစ်လာပါတယ်။ သူတို့တွေ အလှူရှင်ကျွေးမွေးတဲ့ အာဟာရဒါနတွေ စားပြီး ဓမ္မအလုပ်တွေ လုပ်နိုင်ကြပါစေ။ သူတို့ အေးအေးဆေးဆေးနဲ့ ဓမ္မစာပေတွေ သင်ယူနိုင်ပါစေဆိုတဲ့ စိတ်လေးနဲ့လည်း လုပ်တတ်လာပါတယ်။ ဒါတွေလုပ်ရင်း ကိုယ့်ကိုယ်ကိုလည်း ငြိမ်းချမ်းစွာ နေတတ်အောင် ကြိုးစားပြီး နေနေပါတယ်။ ကိုယ်တွေက စနေနဲ့ တနင်္ဂနွေ နှစ်ရက်ထဲ စာတွေသင်၊ ဝေယျာဝစ္စလုပ်နဲ့ဆိုပေမယ့် ဆရာကြီး၊ ဆရာမကြီးတို့က နယ်ဝေးသင်တန်း မုံရွာလဲသွားပို့ချ၊ မေမြို့ အောင်ချမ်းသာ ပါမောက္ခချုပ် ဆရာတော်ကြီးဆီလဲ ပါဠိကျမ်းစာသွားသင်ရနဲ့ ဆရာတို့အသက်အရွယ်နဲ့ဆို တော်တန်ရုံ သဒ္ဓါ၊ ဝီရိယမျိုးနဲ့ ဘယ်လွယ်ပါ့မလဲလေ၊ ဒါကြောင့် ဦးလေ ဦးခင်ဇော်ရေးတဲ့ ကဗျာထဲကလို **" မပြီးသေးတဲ့ သင်တန်း၊ တစ်နှစ်ပြီးတစ်နှစ် တက်ရင်း ရှည်ကြာသင်တန်း မပင်ပန်း၊ ရွှင်လန်းတက်ကြွ လုံ့လရှင်၊ ခင်ပွန်းဆယ်ဝပါဝင်ကြ၊ ဝေငှဓမ္မ .... ကုသိုလ်ရှင် ... ပွဲကိုင်ရှင် ... မီးအိမ်ရှင် ... ကျေးဇူးရှင်"** တွေရယ်လို့ ရင်ထဲကနေ ကန်တော့အပ်ပါတယ်ရှင်။ ခင်ဆန်းဆန်းအေးရေးတဲ့ **"ပြောရမှာအားနာလို့"** ဆောင်းပါးထဲကလို မအားဘူး၊ မအားသေးဘူးလို့ မပြောတော့ပါဘူး။ ကိုယ့်ကိုသင်ပြပေးမဲ့ ဆရာ၊ ဆရာမတို့ မအားဘူးဆိုမှ အခက်တွေ့ကြမှာ။ ဆရာမကြီး ပြောခဲ့တယ်လေ တစ်သံသရာလုံးမှာ တဏှာကျွန် လုပ်ခဲ့တာ မဝသေးဘူးလား။ သာသာကျွန် ဘယ်တော့ လုပ်ကြမှာလဲ၊ ဘယ်သူလုပ်မှာလဲ . . . တဲ့။ ဆရာမကြီး ဆိုဆုံးမမှုအတိုင်း သာသနာကျွန်ဖြစ်အောင် ဝေယျာဝစ္စတွေ တတ်အားသရွေ့ ကြိုးစားရမယ်၊ ဝေယျာဝစ္စ ကုသိုလ်ဟာလဲ သီလကုသိုလ်တဲ့ ကောင်းလိုက်တာ အဘိဓမ္မာသင်တန်း၊ သံယုတ်သင်တန်းတွေ



တက်ဖြစ်နေတော့ အိမ်လုပ်ငန်းဘက်က နည်းနည်းတော့ လျော့သလိုဖြစ်တာပေါ့။ ဒါပေမယ့်လေ ကိုယ်ကဘဝအတွက် အဖိုးအတန်ဆုံး ပညာတွေ ရှာဖွေနေတာပဲ ဒီလောက်တော့ ရှိရမှာပေါ့။

ဆရာကြီးပြောခဲ့တာရှိသေးတယ် လူဝတ်ချွတ်ပြီး တောထဲသွား တရားအားထုတ်စရာ မလိုသေးဘူး လောကီလူ့ဘောင်ထဲမှာ စီးပွားရေး၊ လူမှုရေးတွေ လုပ်ရင်း၊ စာတွေသင်ရင်း၊ လောဘ၊ ဒေါသ၊ မောဟ တွေနည်းအောင် လုပ်နေတာလဲ တရားအားထုတ်နေတာပါဘဲ။ ကိုယ့်အိမ်မှာကို တစ်နေ့တစ်နေ့ အချိန်ရသလောက် အားထုတ်ရင်း သာသနာပြုလို့ရကြောင်း ရှင်းပြခဲ့ပါတယ်။ ဩော် . . . ကျွန်မတို့တွေ ကလျာဏ မိတ္တစစ် ဆရာကောင်းကို ရရှိထားတာ အလွန်ကံထူးလို့ပဲ ဖြစ်မှာပါ။ ဒါကြောင့်မို့ ဖိုးသာထူးပြောသလို **"ဓမ္မဒီပ မိနဲ့ဖ"**တို့ကို သူငယ်ချင်း ချိုမာဝင်းရဲ့ ကဗျာလေးနဲ့ ပူဇော်ရင်း **"မြတ်ဆရာရှင်၊ ဦးခိုက်ပါ၏၊ အခါခါပင်"**ဟူ၍ ကန်တော့ရင်း မိုးလဲကင်းသွားပြီ ကျွန်မစိတ်ကူးအတွေးတွေလဲ ခုတော့ ရှင်းသွားပါပြီ။

**ဓမ္မစကူးလ် ဆရာမတစ်ဦး**
**ကသဲဘုရားဝင်း**

❀ ❀ ❀ ❀ ❀

## "ဆွေမျိုးပြိတ္တာ ဒါယကာနှစ်ဖြာချမ်းသာရ"

အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ စတုတ္ထပဏ္ဏာသက "ဇာဏုသောဏိ သုတ္တန်လာ ဆွေမျိုးပြိတ္တာ ဒါယကာနှစ်ဖြာချမ်းသာရ" တရားတော်သည် ဇာဏုသောဏိပုဏ္ဏားကြီးမှ ကွယ်လွန်သွားသူများကို ရည်စူး၍ ပေးလှူအပ်သော အလှူဒါနသည် ကွယ်လွန်သူဆွေမျိုးသားချင်းတို့ထံ ရောက်/မရောက် ကွယ်လွန်သူ ဆွေမျိုးတို့သည် ထိုဒါန၏ အကျိုးအာနိသင်ကို သုံးဆောင်ခံစားကြရပါသလား၊ ဟူ၍

သင့်ကြပါပေသည်။

(၁၀) ဤဇာဇာသောဇာတ်သုတ္တန်၌ ဘုရားရှင်မှ **"အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်"**ဟူ၍ မိန့်ကြားခဲ့ပါသောကြောင့်-

**"မရှိလို့ မလှူ ၊ မလှူလို့ မရှိ**

**ရှိလို့လှူ ၊ လှူဖို့ရှိ "**

ဆိုသည်နှင့်အညီ အကျိုးမဲ့ မဖြစ်သောအလှူဒါနတို့ကို အလွန်ပင် လှူသင့်ကြသည် ဖြစ်ပါပေသည်။

**မှတ်ချက်။** ။(၈-၁၁-၂၀၁၄) လူပုဂ္ဂိုလ်များဆိုင်ရာ "ဓမ္မဒီပ"ဗုဒ္ဓစာပေသင်တန်းကျောင်း၏ နိကာယ်ငါးရပ်ပိဋကတ်မြန်မာပြန် (ဒုတိယဆင့်) ပထမနေ့ စာမေးပွဲ မေးခွန်းနံပါတ်(၃)ဖြေဆိုချက်အား ပြန်လည်ပူဇော်ထားခြင်း ဖြစ်ပါသည်။

*ဖိုးသာထူး*
**ဓမ္မလုပ်သား**
**ဓမ္မဒီပသင်တန်းသား**

♣ ♣ ♣ ♣ ♣



နှင့်သာ မျှတကြရပါသည်။

(၃) ပြိတ္တာဘုံသို့ လားရောက်ဖြစ်ကြသူတို့အတွက် လူတို့စွန့်ပစ်အပ်သည့် တံတွေ နှပ်စသည့် ပြိတ္တာဘုံသားတို့၏ အစာအာဟာရဖြင့် မျှတကြရ၏။ ထို့ပြင် လူ့ပြည်၌ရှိနေသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့က ဖြစ်စေ၊ ဆွေမျိုးသားချင်းတို့ကဖြစ်စေ ပေးလှူအပ်သောဒါနဖြင့် ပြိတ္တာဘုံ၌ မျှတကြရ၏။ ထို့ကြောင့် လူ့ပြည်မှပေးလှူလိုက်သော ဒါနကုသိုလ်သည် ပြိတ္တာဘုံရှိ ပြိတ္တာတို့ထံသို့သာ ရောက်ရှိနိုင်ကြောင်းကို**"ယင်းပြိတ္တာဘုံ၌ တည်သူအားထိုဒါနသည်ရောက်၏၊ ရောက်သင့်သောအရပ်တည်း"**ဟူ၍ မြတ်စွာဘုရားရှင်မှ မိန့်တော်မူခဲ့သည်။

ဤတွင်ထူးခြားသည့် မှတ်သားဖွယ်အဖြစ် လူ့ပြည်မှ ပေးလှူလိုက်သော ဒါနကုသိုလ်သည် သူတစ်ပါးပေးလှူလိုက်သော ဒါနကိုမှီ၍ အသက်မွေးကြ ရသည့် ပရဒတ္တူပဇီဝိကပြိတ္တာမျိုးတို့ဆီသာ ရောက်နိုင်၍ နိဇ္ဈာမာတဏှိက ပြိတ္တာစသော အခြားသောပြိတ္တာတို့မှာမူ ထိုဒါန၏အကျိုးကို မသုံးဆောင် မခံစားရကြောင်း သိရပါသည်။

(၄) ဤသုတ္တန်တွင် အကျိုးပေးနိုင်ခွင့်ရှိ/မရှိသည့် ဘုံဌာနကိုပြပုံအခန်း၌ ဤလောက၌ အချို့သောသူသည် ဒုစရိုက်ဆယ်ပါးကို ပြုလုပ်ကျူးလွန်၍ ကွယ်လွန်သောအခါ ငရဲဘုံ၊ တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံစသည့် မကောင်းသော ဒုဂ္ဂတိဘုံဌာနသို့လားရောက်ကြရ၏။ ဤလောက၌ အချို့သည် သုစရိုက်ဆယ်ပါးကို ပြုမူပွားများကြ၍ ကွယ်လွန်သောအခါ လူ့ဘုံ၊ နတ်ဘုံစသော သုဂတိကောင်းရာဘုံသို့ လားရောက်ကြရကြောင်း သိမှတ်ရပါသည်။

(၅) ဤတွင် ဒုစရိုက်ဆယ်ပါးဟူသည် ကာယဒုစရိုက်သုံးပါးဖြစ်သော သူ့အသက် သတ်လေ့ရှိခြင်း၊ မပေးသည်ကို ယူလေ့ရှိခြင်း၊ ကာမတို့၌မှားယွင်းစွာ

ကျင့်လေ့ရှိခြင်း၊ ဝစီဒုစရိုက်လေးပါးဖြစ်သော မဟုတ်မမှန်ပြောလေ့ရှိခြင်း၊ ကုန်းစကားပြောလေ့ရှိခြင်း၊ ရုန့်ရင်းကြမ်းတမ်းသောစကားပြောလေ့ရှိခြင်း၊ ပြိန်ဖျင်းသော စကားပြောလေ့ရှိခြင်း၊ မနောဒုစရိုက်သုံးပါးဖြစ်သော အဘိဇ္ဈာများခြင်း၊ ပျက်စီးလိုသောစိတ်ရှိခြင်း၊ မှားယွင်းသော အယူရှိခြင်းစသည့် ဒုစရိုက်ဆယ်ပါးတို့ဖြစ်သည်။

(၆) သုစရိုက်ဆယ်ပါးဟူသည် ကာယသုစရိုက်သုံးပါးဖြစ်သော သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဝစီသုစရိုက်လေးပါးဖြစ်သော မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မနောသုစရိုက်သုံးပါးဖြစ်သော အဘိဇ္ဈာမများခြင်း၊ မပျက်စီးလိုသောစိတ်ရှိခြင်း၊ မှန်ကန်သောအယူရှိခြင်း စသည့်သုစရိုက်ဆယ်ပါးတို့ဖြစ်ပါသည်။

(၇) ဆက်လက်၍ ဇာဏုသောဏိပုဏ္ဏားကြီးမှ ကွယ်လွန်သူဆွေမျိုးသားချင်းတို့သည် ဒါနကောင်းမှုဆိုက်ရောက်နိုင်ခွင့်ရှိသော ပြိတ္တာဘုံသို့ရောက်မနေကြဘဲ တခြားသောဘုံဌာနတို့တွင် လားရောက်ဖြစ်နေ ကြပါက လှူပြည်မှုပေးလှူသည့်ဒါန၏ အာနိသင်ကို မည်သူရရှိခံစားပါမည်နည်းဟု မေးလျှောက်ပါသည်။ ထိုအခါ မြတ်စွာဘုရားမှ ပုဏ္ဏားကြီး - ဤမျှရှည်လျားသော အချိန်အခါဝယ် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာနရှိ၏ဟူသော ဤအကြောင်းသည် အရာမဟုတ်၊ အခွင့်မဟုတ်ပေ။ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့မဖြစ်နိုင်ဟူ၍ ဖြေဆိုတော်မူခဲ့ပါသည်။ ဘုရားရှင်ဆိုလိုသည်မှာ သံသရာတွင် သတ္တဝါတို့ ရှည်ကြာကျင်လည်လာကြရာ ဆွေမျိုးတို့ရှိမနေသော ဘုံဌာနဆိုသည် မဖြစ်နိုင်၊ လူ့ဘုံ၊ နတ်ဘုံ၌ ဆွေဟောင်းမျိုးဟောင်းများ ရှိနေနိုင်သကဲ့သို့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့တွင်လည်း ဆွေဟောင်းမျိုးဟောင်းများ ရှိနေနိုင်ကြမှာဖြစ်သည်ဟု



မိန့်တော်မူခြင်းဖြစ်ကြောင်း သဘောပေါက်မိပါသည်။

(၈) ထို့ပြင် ဤသုတ္တန်၌ မြတ်စွာဘုရားရှင်မှ သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း ငါသည်ဒါန၏အကျိုးကို ပညတ်၏ဟုမိန့်တော်မူခဲ့ပြန်ပါသည်။ ဘုရားရှင်မှရှင်းလင်းဟောပြရာတွင် ဤလောက၌ အချို့သော သူသည် ဒုစရိုက်ဆယ်ပါးကျူးလွန်သော်လည်း ဒါနကောင်းမှုပေးလှူခြင်းကို ပြုသည်ဖြစ်၍ သေသည်၏နောက်တွင် တိရစ္ဆာန်ဘုံဖြစ်သော ဆင်၊ မြင်း၊ နွား၊ ခွေး တိရစ္ဆာန်မျိုး၌ ဖြစ်ရသော်လည်း အစာအသောက်၊ ပန်း အထူးထူး သောအဆင်တန်ဆာတို့ကို ရရှိခြင်းရှိ၏။ ဤလောက၌ အချို့သောသူတို့ သည် သုစရိုက်ဆယ်ပါးကိုလည်းပွားများဒါန ကုသိုလ်ကောင်းမှုကံကိုလည်း ပြုသဖြင့် သေသည်၏နောက်၌ လူ၊ နတ်ဘုံတို့၌ ဖြစ်ကြ၍ လူ့ဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါး၊ နတ်ဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါးကို ရရှိခြင်းရှိကြ၏ဟု ရှင်းပြဟောတော်မူခဲ့ပါသည်။

(၉) ဤဒသကနိပါတ်၊ စတုတ္ထပဏ္ဏာသက၊ ဇာဏုသောဏိသုတ္တန်အား လေ့လာ မှတ်သားရသဖြင့် ယနေ့ခေတ်အခါ၌ ကွယ်လွန်သူ၏ဝိဉာဏ်သည် (၇)ရက် ပြည့်မှ နေအိမ်မှထွက်ခွာသွားသည်ဟူသော မှားယွင်းသော အယူအဆကို သတိချပ်သင့်ပါပေသည်။ အမှန်မှာ ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌပါဠိတော်၊ တိရောကုဋ္ဋသုတ္တန်ဂါထာနံပါ(၁)နှင့်(၂)တွင် ပြိတ္တာတို့သည် ၎င်းတို့အတိတ် ပြုခဲ့သော ကံကြောင့်အိမ်ထဲတွင် ဝင်နေခွင့်မရဘဲ လမ်းဆုံလမ်းခွ၊ သူတစ်ပါး အိမ်ခြံစည်းရိုးစပ်တွင်သာ မှီခိုကပ်ရပ်၍ ညှိုးညှိုးနွမ်းနွမ်း ရပ်တည်နေထိုင် ကြရပုံ၊ ပြိတ္တာတို့သည် မိမိအိမ်သို့လာကြည့်၍ နံရံပြင်ဘက်တို့၌ လည်းကော လမ်းဆုံလမ်းခွ အိမ်ခြံစပ်တို့၌လည်းကောင်း၊ တံခါးဝ တံခါးပေါင်တို့၌ လည်းကောင်း ရပ်တည်ကုန်၏ဟူ၍ တုရောကုဋ္ဋသုတ်ပါဠိတော်တွင် ဖွင့်ဆို ထားသည်ကို ထောက်ရှု၍ အထက်ပါအယူအဆများကို အမှန်ပင် သတိချပ်